တရားမမှုအကြောင်းသိကောင်းစရာ



တရားမမှုဆိုတာဘာလဲ

တရားရုံးတွေမှာအဓိကစစ်ဆေးစီရင်ရတဲ့အမှုအမျိုးအစား(၂)ခုပဲရှိပါတယ်။ပြစ်မှုနဲ့တရားမမှုပါ။



ပြစ်မှုဆိုတာ

ဥပဒေက ဒါမလုပ်ရဘူး၊ မကျူးလွန် မဖောက်ဖျက်ရဘူး၊မပျက်ကွက်ရဘူးလို့ အတိအလင်း ပြဋ္ဌာန်းထားတဲ့ အချက်တွေရှိရပါတယ်။ အဲဒီလို အချက်တွေကို တစ်ဦးတစ်ယောက်က ဖောက်ဖျက်ကျူးလွန်ခဲ့လို့ တစ်ဦးတစ်ယောက် ဒါမှမဟုတ် လူအများကို၊ လူအဖွဲ့အစည်းကို ထိခိုက်နစ်နာစေခဲ့ရင် ပြစ်ဒဏ်ချမှတ်နိုင်တဲ့ အမှုမျိုးပါ။

တရားမမှုဆိုတာ

မပြုလုပ်ရ၊ မပျက်ကွက်ရ၊ဖောက်ဖျက် ကျူးလွန်ရင် ပြစ်ဒဏ် စီရင်ခြင်း ခံရမယ်ဆိုပြီး ဥပဒေမှာ ပြဋ္ဌာန်းထားတာမရှိပါဘူး။ ဒါပေမယ့်လူတစ်ဦးချင်းရဲ့ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ လက်ရှိထားခွင့်၊ အမွေဆက်ခံခွင့်၊ ဂုဏ်သိက္ခာတည်မြဲပိုင်ခွင့် အစရှိတဲ့ အခွင့်အရေးများ ထိခိုက်နစ်နာစေခဲ့ရင် နစ်နာသူကိုယ်တိုင် တရားလို ပြုလုပ်စွဲဆိုရတဲ့ အမှုမျိုးပါ။

ပြစ်မှု(ရာဇဝတ်မှု)တွေမှာ ထိခိုက်နစ်နာသူရဲ့ကိုယ်စားအစိုးရက (ဥပမာ၊ရဲတပ်ဖွဲ့က) တရားစွဲဆိုရပါတယ်။ တရားမမှုတွေမှာတော့ ထိခိုက်နစ်နာသူကိုယ်တိုင်က သူ့ရဲ့နစ်နာမှုကို ဘယ်လိုကုစားပေးပါ၊ ဘယ်လို သက်သာ ခွင့်ချမှတ်ပေးပါလို့တရားစွဲဆိုရပါတယ်။

စီရင်ပိုင်ခွင့်အာဏာ

အမှုတန်ဖိုးအလိုက်စီရင်ပိုင်ခွင့်အာဏာကိုအောက်ပါအတိုင်းသတ်မှတ်ထားပါတယ်-

-တန်ဖိုးကျပ်သိန်း-၁၀၀ အထိ (မြို့နယ်တရားရုံး)

-တန်ဖိုးကျပ်သိန်း-၁၀၀၀၀ အထိ (ခရိုင်တရားရုံး)

-တန်ဖိုးကျပ်သိန်း-၁၀၀၀၀၀ အထက် (တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တရားလွှတ်တော်)

-တရားမမှုတွေကိုစီရင်ပိုင်ခွင့်အာဏာလုံလောက်စွာရှိတဲ့ အနိမ့်ဆုံးတရားရုံးမှာတရားစွဲဆိုရပါတယ်။



အဆိုလွှာနဲ့ချေလွှာ

တရားမမှုခင်းတွေကို အခုလိုစွဲဆိုဆိုင်ပြိုင်ရပါတယ်။ တရားမမှုစွဲဆိုတဲ့အခါ တရားလိုက ဒါမှမဟုတ် သူငှားရမ်းထားတဲ့ရှေ့နေက အဆိုလွှာရေးသားတင်သွင်းရပါတယ်။



အဆိုလွှာဘယ်လိုရေးရမယ်ဆိုတာတရားမကျင့်ထုံးဥပဒေအမိန့် ၇ မှာဖော်ပြထားပါတယ်။

-အမှုအမျိုးအစားအလိုက် ရုံးခွန်ထမ်းဆောင်ရပါမယ်။

-ရုံးခွန်နဲ့စီရင်ပိုင်ခွင့်အလို့ငှာ "အမှုတန်ဖိုး" ကိုဖော်ပြရပါမယ်။

-ကာလစည်းကမ်းသတ်အတွင်း ကျရောက်ကြောင်းဖော်ပြရပါမယ်။

-တရားစွဲဆိုဖို့ အကြောင်းပေါ်ပေါက်တဲ့နေ့ရက်ကိုအတိအကျဖော်ပြရပါမယ်။

-တရားလို သို့မဟုတ် သူ့ရဲ့အခွင့်ရကိုယ်စားလှယ်သို့မဟုတ် သူငှားရမ်းထားတဲ့ရှေ့နေက တင်သွင်းရပါမယ်။

-တရားပြိုင်ကို ဆင့်ခေါ်ဖို့ ဆင့်စာခွန်ထမ်းဆောင်ရပါမယ်။

-တရားပြိုင်ကအဆိုလွှာပါအချက်များမှန်ကန်ရင် "ဝန်ခံ ချေလွှာ" တင်သွင်းရပါမယ်။

- ဝန်မခံလိုရင် မိမိရဲ့ထုချေချက်ကိုစာဖြင့်ရေးသားတင်သွင်းရပါမယ်။

အဲဒါကို"ချေလွှာ"လို့ခေါ်ပါတယ်။ ချေလွှာကိုဘယ်လိုရေးရမယ်ဆိုတာ တရားမကျင့်ထုံးဥပဒေအမိန့် ၈ မှာဖော်ပြထားပါတယ်။

ငြင်းချက်ထုတ်တဲ့နေ့

- အဆို၊အချေတို့အရ အငြင်းပွားတဲ့အမှုမှာ အရေးယူလောက်တဲ့ အချက်တွေကို ငြင်းချက်လို့ ခေါ်ပါတယ်။



-ငြင်းချက်ထုတ်မယ့်နေ့ရက်ကို ပထမအကြိမ် အမှုကြားနာစစ်ဆေးတဲ့နေ့အဖြစ် သတ်မှတ်ပါတယ်။

-ပထမအကြိမ် အမှုကြားနာစစ်ဆေးဖို့ ချိန်းဆိုတဲ့ နေ့ရက်မှာတရားလိုမလာရောက်ရင် အမှုပလပ်ခံရနိုင်ပါတယ်။

-တရားလိုသာလာရောက်ပြီး တရားပြိုင်မလာရောက်ရင် အမှုကိုတစ်ဖက်သတ်ကြားနာစစ်ဆေးဖို့ လျှောက်ထားခံရနိုင်ပါတယ်။

-ဒါကြောင့် ငြင်းချက်ထုတ်ဖို့ တရားရုံးက ချိန်းဆိုတဲ့ နေ့ရက်မှာ အမှုသည်များ မပျက်မကွက်လာရောက်ဖို့ လိုအပ်ပါတယ်။



သက်သေစစ်ဆေးဖို့ ဘယ်လိုတင်ပြမလဲ

- နှစ်ဖက်အမှုသည်တို့က သက်သေစာရင်းတင်သွင်းရပါမယ်။
- တင်ပြလိုတဲ့သက်သေတွေကို ကိုယ်တိုင်ခေါ်လာနိုင်ပါတယ်။
- တရားရုံးကဆင့်ခေါ်ပေးစေလိုရင် ဆင့်စာခေးသွင်းပြီးသက်သေဆင့်ခေါ်ပေးဖို့လျှောက်ထားနိုင်ပါတယ်။



သက်သေစစ်မေးတဲ့အစီအစဉ်

- တရားမမှုတွေကိုသာမန်အားဖြင့် တရားလိုဘက်မှစတင်ကြားနာစစ်ဆေးပါတယ်။
- တရားပြိုင်ဘက်က သက်သေထင်ရှားပြဖို့တာဝန်ရှိတဲ့အမှုတွေမှာတရားပြိုင်ဘက်ကိုဦးစွာစစ်ဆေးကြားနာတာမျိုးလည်းရှိတတ်ပါတယ်။

လျှောက်လဲချက်၊ စီရင်ချက်နှင့်ဒီကရီ

- နှစ်ဖက်သက်သေတွေ စစ်ဆေးပြီးဆုံးရင် အမှုသည်၊ ဒါမှမဟုတ် နှစ်ဖက်ရှေ့နေတို့ကလျှောက်လဲချက်ပေးနိုင်ပါတယ်။
- လျှောက်လဲချက်ကိုကြားနာပြီးတဲ့နောက် တရားရုံးက စီရင်ချက်ချမှတ်ပေးရပါတယ်။
- စီရင်ချက်ဆိုတာ နှစ်ဖက်သက်သေ အရပ်ရပ်ကို စစ်ဆေးကြားနာပြီးတဲ့နောက် ဘာကြောင့် အခုလို စီရင်ဆုံးဖြတ်ရတယ်ဆိုတာကို အကြောင်းပြရေးသားတဲ့စာတမ်းပါ။
- အပြီးသတ်စီရင်ဆုံးဖြတ်ချက်ကိုဒီကရီလို့ခေါ်ပါတယ်။

ဒီကရီအတည်ပြုတယ်ဆိုတာ

- တရားရုံးဆုံးဖြတ်ချက်အတိုင်းအကျိုးသက်ရောက်ဖို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးတာပါ။
- ဒီကရီချပေးတဲ့တရားရုံးနဲ့ လွှဲပြောင်းပေးခြင်းခံရတဲ့ တရားရုံးက အတည်ပြုနိုင်ပါတယ်။
- ၁၂နှစ်အတွင်းအတည်ပြုနိုင်ပါတယ်။ဒါပေမယ့် ၃ နှစ်တစ်ကြိမ်လျှောက်ထားဖို့လိုပါတယ်။
- ဒီကရီအတည်ပြုတဲ့အမှုကို ဇာရီမှုလို့ခေါ်ပါတယ်။

တရားမမှုများရှည်လျားသလား

- တရားမမှုခင်းများရှည်လျားတတ်ပါတယ်။
- တရားရုံး၏ အဆုံးအဖြတ်ကို ကျေနပ်လက်ခံခဲ့ကြ၍ အမှုအမြန်ပြီးပြတ်သွားတာမျိုးရှိပါတယ်။ လောဘ၊ မောဟနဲ့ အာဃာတ ကြီးမားလို့ "အမွေပုံ-ကုန်ခါမှပြတ်" ဆိုတာမျိုးလည်း ရှိပါတယ်။ ညီအစ်ကိုနှစ်ဦးမြေတစ်တောင် အငြင်းပွားလို့ နှစ်နဲ့ချီပြီးဆိုင်ပြိုင်တဲ့ တရားမမှုမှာ "သာတာနာတာမတွက်နဲ့၊တစ်ယောက်မြေတစ်ထွာစီခွဲယူပြီးပေါ့ပြိမ်းလိုက်ပါလား"လို့ရပ်ရွာလူကြီးကဖျောင်းဖျတဲ့အခါ။ "အစ်ကိုကြီးတစ်ထွာပဲမြင်တာ၊ အောက်ကိုတိုင်းကြည့် အဂီစိထိရှိတယ်" လို့ဆိုပါသတဲ့။



တရားမအယူခံမှု၊ တရားမပြင်ဆင်မှု

- ဒီကရီကိုမကျေနပ်သူကတရားရုံးအဆင့်ဆင့်အယူခံဝင်နိုင်ပါတယ်။
- ဒါပေမယ့်၊ မူလအမှုတန်ဖိုးကျပ်၁၀သိန်းမကျော်ရင် ဒုတိယအယူခံမဝင်နိုင်ပါ။
- မူလမှုရဲ့ ရုံးခွန်အတိုင်းအယူခံမှုမှာ ထမ်းဆောင်ရပါမယ်။
- တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၄နဲ့ အမိန့်-၄၃ မှာ အကျုံးဝင်တဲ့အမိန့်များကို အယူခံဝင်နိုင်ပါတယ်။
- အယူခံမဝင်နိုင်တဲ့အမိန့်များကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၅ မှာ ဖော်ပြထားပါတယ်။
- အယူခံဝင်ခွင့်မရှိတဲ့အမိန့်ကိုပြင်ဆင်မှုလျှောက်ထားရပါမယ်။
- ပြင်ဆင်မှုကိုတရားရုံးအဆင့်ဆင့် လျှောက်ထားနိုင်ပါတယ်။